# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (September 15 - 21, 2024)

### စက်တင်ဘာလ တတိယပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် စက်တင်ဘာလ တတိယပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၇ ဦး သေဆုံးခဲ့ ပါသည်။ ထိုအထဲတွင် ကလေး ၃ ဦးနှင့် အမျိုးသမီး ၅ ဦး ပါဝင်ပါသည်။
- မန္တလေးတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၈ ဦး သေဆုံးခဲ့ပါသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၆ ဦး၊ ရခိုင်ပြည်နယ်တွင် ၅ ဦး၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် ၃ ဦးစီ၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၅ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၃ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

- မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၄၆ လုံး မီးလောင် ပျက်စီးခဲ့ပါသည်။

- ကချင်ပြည်နယ်တွင် နေအိမ် ၂၀၀ လုံး၊ တနင်္သာရီတိုင်းတွင် နေအိမ် ၄၃ လုံး၊ ချင်းပြည်နယ်တွင် နေအိမ် ၃ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၅ ခုတွင် စက်တင်ဘာလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၂၀၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ တနင်္သာရီတိုင်းတွင် ၁၀၆ ဦး၊ ရခိုင်ပြည်နယ်တွင် ၇၀ ဦး၊ ဧရာဝတီတိုင်းတွင် ၁၅ ဦး၊ မွန်ပြည်နယ်တွင် ၉ ဦးနှင့် စစ်ကိုင်းတိုင်းတွင် ၄ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၈ ခုတွင် စက်တင်ဘာလ တတိယပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၄၇ ကြိမ်ပြုလုပ်ခဲ့ပါသည်။ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၁၀ ကြိမ်စီ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၈ ကြိမ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် ၇ ကြိမ်စီ၊ ကချင်ပြည်နယ်တွင် ၃ ကြိမ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## စက်တင်ဘာလ တတိယပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ တတိယပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၆၄ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၀ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် ၉ ကြိမ်၊ မွန်ပြည်နယ်တွင် ၈ ကြိမ်၊ မကွေးတိုင်းတွင် ၆ ကြိမ်၊ ပဲခူးတိုင်း၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၃ ကြိမ်စီ၊ မန္တလေးတိုင်းတွင် ၂ ကြိမ်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

စက်တင်ဘာလ တတိယပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၂၂၆ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၇ ဦး ကျဆုံးခဲ့ပါသည်။

**စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 15-21, September 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 15 | | |
| **BAGO** | 3 | 1 | 7 | | | | | | |
| **CHIN** | 3 | 7 | | | | | | | 3 |
| **KACHIN** | 9 | 3 | 90 | | | 3 | | | 200 |
| **MAGWAY** | 6 | | 33 | | | 1 | | | |
| **MANDALAY** | 2 | 10 | | 7 | 1 | 17 | | 1 | |
| **MON** | 8 | | 19 | | | | 9 | | |
| **RAKHINE** | | 7 | | | | 5 | 70 | | |
| **SAGAING** | 19 | 10 | 49 | | | 1 | 4 | | |
| **SHAN ( E )** | 1 | | 5 | | | | | | |
| **SHAN ( N )** | 10 | 8 | | | 2 | 4 | | | |
| **TANINTHARYI** | 3 | 1 | 23 | | | 3 | 106 | | 43 |
| **TOTAL** | **64** | **47** | **226** | **7** | **3** | **34** | **204** | **1** | **246** |


Map of Myanmar Conflict ( September 15-21, 2024 )
N
S
W
E
INDIA
CHINA
BANGLADESH
LAOS
THAILAND
Bay of Bengal
Andaman Sea
Myitkyina
Lashio
Hakha
Mandalay
Kengtung
Taunggyi
Sittwe
Magway
Nay Pyi Taw
Loikaw
Pyay
Bago
Yangon
Mawlamyine
Dawei

## ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

စက်တင်ဘာ ၁၇ ရက်တွင် စစ်ကောင်စီ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် (၁၁) ကြိမ်မြောက် ဘေကျင်း ရှန်ကျန်း ဖိုရမ်ကို သွားရောက်ခဲ့ပြီး မောင်းသူမဲ့လေယာဉ်(ဒရုန်း)ထုတ်လုပ်မှု၊ အီလက်ထရောနစ် စစ်ဆင်ရေးနဲ့ လေကြောင်းရန်ကာကွယ်ရေး နည်းပညာဆိုင်ရာ စစ်လက်နက်ပစ္စည်းတွေ ထုပ်လုပ်ရေးနည်းပညာ ပူးပေါင်း ဆောင်ရွက်ဖို့ တရုတ်နည်းပညာကုမ္ပဏီတွေနှင့် ဆွေးနွေးခဲ့ပါသည်။

ချက်ချင်းအပစ်ရပ်ပြီး တရုတ်ရဲ့ ကြားဝင်စေ့စပ်မှုကို တက်တက်ကြွကြွပူးပေါင်းကာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကို အဖြေရှာမယ်လို့ ကိုးကန့်တပ် MNDAA က ထုတ်ပြန်လိုက်ပါသည်။ ဒါ့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ NUG နဲ့ စစ်ရေး၊ နိုင်ငံရေးပူးပေါင်းတာနဲ့ စစ်မြေပြင်ချဲ့ထွင်တာတွေ လုပ်မှာမဟုတ်ဘူးလို့ ကိုးကန့်တပ်က ပြောထားပြီး တရုတ်နိုင်ငံက မြန်မာရဲ့လက်ရှိမတည်ငြိမ်တဲ့ အခြေအနေကို ကြားဝင်စေ့စပ်ပေးဖို့လည်း MNDAA က တောင်းဆိုထားပါသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, Myanmar Pressphoto Agency, DVB,**
**Khit Thit Media, Narinjara, Mizzima, Myanmar Now, BBC, D Day News,**
**The Nation Voice,Than Lwin Times, PVTV, Khonumthung Burmese.**